# ပဲတီစိမ်းစံချိန်စံညွှန်း

© DRI 2024

## ပဲတီစိမ်း စံချိန်စံညွှန်း(မူကြမ်း)

**၁။ နယ်ပယ်**

**ဤစံချိန်စံညွှန်းသည် အစားအစာများ၊ တိရစ္ဆာန်အစာနှင့် စက်မှုထုတ်ကုန်တို့အတွက် ကုန်ကြမ်းအဖြစ်အသုံးပြုသည့် ပဲတီစိမ်း** (Vigna radiata L.) များ**အား အမျိုးအစားခွဲခြားခြင်းနှင့် အဆင့် သတ်မှတ်ခြင်းအတွက် ဖြစ်ပါသည်။**

**၂။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ဤစံချိန်စံညွှန်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အောက်ပါအတိုင်းဖြစ်သည်-

**၂.၁။ ဆိုးရွားစွာ ပျက်စီးနေသည့် ပဲစေ့များ**

ရာသီဥတုအခြေအနေ၊ အပင်ရောဂါဖြစ်ခြင်း၊ ပဲစေ့ပိုးထိုးခြင်း သို့မဟုတ် အခြား အင်းဆက် ပိုးမွှားများကြောင့် ပဲစေ့များ၏ အရည်အသွေးနှင့်အသွင်အပြင် ထိခိုက်ပြီး ရုပ်ပိုင်းဆိုင်ရာပျက်စီးလျက်ရှိသည့် သို့မဟုတ် အရောင်ပြောင်းလျက်ရှိသည့် ပဲစေ့ များကို ဆိုလိုသည်။

**၂.၂။ ပိုးထိုးပေါက်ပါ ပဲစေ့များ**

သားလောင်း၊ ပိုးအိမ်၊ ပိုးအိမ်ရာ သို့မဟုတ် စွန်းထင်းမှုများ ကင်းရှင်းပြီး ပိုးကောင် ဖောက်ထွက်ရာအပေါက်များကိုသာ ရှင်းလင်းစွာ မြင်တွေ့နေရသော ပဲစေ့များကို ဆိုသည်။

**၂.၃။ ပြင်ပအရာဝတ္ထုများ**

ခဲများ၊ ဖုန်၊ ပေါင်းစေ့များ၊ ပဲတီစိမ်း မဟုတ်သော အခြားကောက်ပဲ သီးနှံအစေ့အဆန် များကိုဆိုသည်။

**၂.၄။ အရောအနှောပဲစေ့များ**

အရောင်၊ အရွယ်အစား သို့မဟုတ် ပုံသဏ္ဌာန်မတူသော ပဲစေ့များကိုဆိုသည်။

**၂.၅။ တူညီသည့်ပင်ကိုလက္ခဏာ**

အရောင်၊ အရွယ်အစားနှင့် ပုံသဏ္ဌာန်တူညီသော ပဲစေ့များကို ဆိုသည်။

**၂.၆။ ကောင်းမွန်သောပဲစေ့များ**

အပြစ်အနာအဆာကင်းသော ပဲစေ့များကို ဆိုသည်။

**၂.၇။ ပဲခြမ်းကွဲ**

ပဲစေ့တစ်စေ့လုံး၏ လေးပုံသုံးပုံထက်လျော့နည်းပြီး ကျိုးကြေနေသောပဲစေ့၊ ပဲခြမ်း ကွဲများကိုဆိုသည်။

**၂.၈။ ပိုးထိုးပဲစေ့များ**

သက်ရှိ ပဲစေ့ထိုးပိုးများ ရှိနေသောပဲစေ့များကို ဆိုသည်။

**၂.၉။ သန့်စင်ပြီးပဲစေ့**

ပြင်ပအရာဝတ္ထုများ၊ ပဲစေ့ကြီးများ၊ အကျိုးအကြေ၊ ပဲခြမ်းကွဲများ၊ လုံးပိန်လုံးညှပ်များ၊ အစေ့ခွံ သိသိသာသာ တွန့်ခေါက်လျက် ရှိသော ပဲစေ့များ၊ သေးငယ်သော ပဲစေ့များ

Public Comment Use only

မပါဝင်ဘဲ ဆန်ခါချ၍ သန့်စင်ထားသော အရွယ်အစားနှင့် ပုံသဏ္ဍာန် တူညီသည့် ပဲစေ့များကို ဆိုသည်။

**၃။ အနိမ့်ဆုံးလိုအပ်ချက်များ**

ပဲတီစိမ်း၏ အတန်းအစားအလိုက် သတ်မှတ်ချက်များနှင့် ကိုက်ညီရမည့်အပြင် အောက်ပါလိုအပ်ချက်များနှင့်လည်း ပြည့်စုံရမည်–

(က) အရွယ်အစား၊ ပုံသဏ္ဍာန်နှင့် အရောင်တူညီရမည်၊

(ခ) ဖုန်နှင့် မြင်နိုင်သည့် ပြင်ပအရာဝတ္ထုများ ပါဝင်မှုကင်းရှင်းပြီး သန့်ရှင်းရမည်၊

(ဂ) ပြင်ပမှ အနံ့ ပါဝင်မှု ကင်းရမည်၊

(ဃ) အစေ့ခွံပေါ်တွင် အစွန်းအထင်း ညစ်ပေမှုကင်းရမည်၊

(င) ရာသီဥတုအခြေအနေ၊ အပူချိန်၊ ဖျက်ပိုးများ၊ မှိုရောဂါများနှင့် အသုံးပြုသည့်စက်ကိရိယာများကြောင့်ဖြစ်စေ၊ အခြားနည်းများကြောင့် ဖြစ်စေ၊ ပျက်စီး ယိုယွင်းခြင်းများ ကင်းရမည်၊

(စ) ဓာတုပစ္စည်းများအသုံးပြုထားခြင်းမှ ကင်းရမည်။

ပဲတီစိမ်း၏ဖွံ့ဖြိုးမှုအနေအထားအရ အောက်ပါအချက်အလက်များနှင့် ပြည့်စုံရမည်–

(က) သယ်ယူပို့ဆောင်ခြင်းနှင့် ကိုင်တွယ်ထိန်းသိမ်းမှုကို ခံနိုင်ရည်ရှိခြင်း၊

(ခ) တင်ပို့မည့်နေရာရောက်သည်အထိ အခြေအနေမပျက်ယွင်းဘဲ ကောင်းမွန်သည့် အနေအထားတွင်ရှိခြင်း။

**၄။ အတန်းအစားခွဲခြားခြင်းနှင့် အဆင့်သတ်မှတ်ခြင်း**

၄.၁။ ပဲတီစိမ်းကို ဇယား(၁)တွင် ဖော်ပြထားသည့် အတန်းအစားစမ်းသပ်မှုများအရ အဆင့်သတ်မှတ်သည်–

**ဇယား(၁)– ပဲတီစိမ်းအုပ်စုအဆင့်သတ်မှတ်ခြင်း**

| ပဲတီစိမ်းအဆင့် | ၁ | ၂ | ၃ |
|---|---|---|---|
| အစိုဓာတ် (%) | ၁၂.၀–၁၄.၀ | ၁၄–၁၅ | ၁၄–၁၅ |
| အနာအဆာချို့ယွင်းချက်စုစုပေါင်း (ထိခိုက်ပျက်စီးမှု၊ ပြင်ပအရာဝတ္ထု၊ ပဲအရောအနှော၊ ပဲခြမ်းကွဲ၊ ပဲ့ထွက်မှုများ စုစုပေါင်း) | ၂ | ၄ | ၄ |
| စုစုပေါင်းထိခိုက်ပျက်စီးမှု (%) | ၂ | ၄ | ၄ |
| ပိုးထိုးပေါက်ပါ ပဲစေ့ ပါဝင်မှု | ၀.၅ | ၁.၀ | ၂.၀ |
| ပြင်ပအရာဝတ္ထုများပါဝင်မှု | ၀.၅ | ၁.၀ | ၁.၀ |
| ပဲအရောအနှောများ | ၀.၅ | ၁.၀ | ၂.၀ |

**စံနှုန်းမပြည့်မီသောအဆင့်– သေချာစွာ ဆန်ခါချ သန့်စင်မထားသောပဲတီစိမ်း**

Public Comment Use only

ပဲတီစိမ်းသည် ပိုးထိုးရာကြောင့် ပျက်စီးခြင်းသည် ၀.၅% ထက်ပိုပါက စံနှုန်းမပြည့်မီသော အဆင့်အဖြစ် သတ်မှတ်ရမည်။

## ၄.၂။ အရွယ်အစားသတ်မှတ်ချက်များ

ဆန်ခါ၏အရွယ်အစားကို အခြေခံ၍ ပဲတီစိမ်း၏ အရွယ်အစားကို ဇယား (၂) ပါ အတိုင်း သတ်မှတ်သည်။

**ဇယား(၂) – ပဲတီစိမ်းအရွယ်အစားအဆင့်သတ်မှတ်ခြင်း**

| ပဲတီစိမ်းအရွယ်အစား | မီလီမီတာ |
|---|---|
| အသေးစား | ၂.၀–၃.၂၅ |
| အလတ်စား | > ၃.၂၅–၃.၅ |
| အကြီးစား | >၃.၅–၄.၀ |
| အထူးတန်းစား | > ၄.၀ |

## ၅။ ညစ်ညမ်းပစ္စည်းများ

### ၅.၁။ ဓာတ်သတ္တုပစ္စည်းများ

ပဲတီစိမ်းများတွင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေမည့် **ဓာတ်**သတ္တုပစ္စည်းများ လုံးဝ မပါဝင်စေရ။

### ၅.၂။ ပိုးသတ်ဆေးဓာတ်ကြွင်းများ

ပဲတီစိမ်းတွင်ပါသော ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏသည် Codex Alimentarius Commission က ပြဋ္ဌာန်းထားသော အများဆုံး ပါဝင်ခွင့်ပြုသည့် သတ်မှတ်ချက်နှင့် အညီ ဖြစ်ရမည်။

### ၅.၃။ မှိုဆိပ်

ပဲတီစိမ်းများအတွက် Codex Alimentarius Commission နှင့်/သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်မှ ချမှတ်ထားသော မှိုကြောင့် အဆိပ်သင့်မှုအတွက် ရှိသင့်သည့် အများဆုံး ကန့်သတ်ချက်များနှင့် ကိုက်ညီရမည်။

## ၆။ ကျန်းမာသန့်ရှင်းမှု

၆.၁။ ဤစံချိန်စံညွှန်းပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သည့် ထွက်ကုန်ပစ္စည်းများကို အကြံ ပြုထားသော နိုင်ငံတကာသုံးအလေ့အကျင့်ဆိုင်ရာစနစ်များမှ (အစားအသောက်များ သန့်ရှင်းရေးအတွက် လိုက်နာရမည့် အထွေထွေစည်းမျဉ်းများ (CAC/RCP 1 – 1969, Rev. – 2003) နှင့် Codex Alimentarius Commission မှ ထုတ်ကုန်များနှင့် စပ်လျဉ်း ၍ အကြံပြုထားသည့်

Public Comment Use only

အခြားသောလိုက်နာရမည့်စည်းမျဉ်းများ) သင့်လျော်သော အခန်းကဏ္ဍများနှင့်အညီ ကိုင်တွယ်ထုတ်လုပ်ရန် အကြံပြုပါသည်။

၆.၂။ ထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာလုပ်ဆောင်ရာတွင် ထုတ်ကုန်ပစ္စည်းများ၌ နှစ်လိုဖွယ်မရှိသော အခြားပစ္စည်းများ မပါဝင်စေရပါ။

၆.၃။ နမူနာရယူပု၍ သင့်လျော်သောနည်းလမ်းများဖြင့် စမ်းသပ်စစ်ဆေးရာတွင် ထွက်ကုန် ပစ္စည်းများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ပမာဏရှိသော အဏုဇီဝသက်ရှိများ မပါဝင်စေရ။

(ခ) ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကပ်ပါးကောင်များ မပါဝင်စေရ။

(ဂ) အဏုဇီဝသက်ရှိများမှ ဆက်လက်ဖြစ်ပေါ် ပေါက်ဖွားလာသည့်၊ ကျန်းမာရေး ကို ထိခိုက်စေနိုင်သည့် ပမာဏရှိသော မည်သည့်အရာမျှ မပါဝင်စေရ။

## ၇။ ထုပ်ပိုးခြင်း

၇.၁။ ပဲတီစိမ်းများကို ထုပ်ပိုးရာတွင် သန့်ရှင်းမှု၊ အာဟာရရှိမှု၊ နည်းပညာပိုင်းနှင့် အာရုံခံမှု အရ သိရှိစေနိုင်သည့် ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးများ မပျောက်ပျက်စေရန် လုံခြုံမှုပေးနိုင်သည့် ဘူး၊ အထုပ်များဖြင့် ထည့်သွင်းရမည်။

၇.၂။ ထုပ်ပိုးသည့် ပစ္စည်းများအပါအဝင် ဘူး၊ အထုပ်တို့ကို ဘေးကင်းသော၊ သင့်လျော်စွာ အသုံးပြုနိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ရမည်။ ထုပ်ပိုးထားသော ပစ္စည်းများမှ အတွင်းရှိ ကုန်ပစ္စည်းသို့အဆိပ်သင့်စေသောပစ္စည်းများ သို့မဟုတ် မလိုလားအပ်သော အနံ့များ သို့မဟုတ် အနံ့အရသာများ ကူးစက်ရောက်ရှိစေခြင်းမျိုး မရှိသင့်ပါ။

၇.၃။ ကုန်ပစ္စည်းကို အိတ်များဖြင့် ထုပ်ပိုးသည့်အခါ သန့်ရှင်းရမည်။ ခိုင်ခံ့စွာ ချုပ်ထား ရမည် သို့မဟုတ် ပိတ်ထားရမည်။

**၈။** ထုပ်ပိုးထားသော အစားအသောက်များအား အမှတ်တံဆိပ်ရိုက်နှိပ်ခြင်းများအတွက် ကိုဒက် အထွေထွေစံချိန်စံညွှန်းများပါ (CODEX STAN 1-1985) ပြဋ္ဌာန်းချက်များအပြင် အောက် ဖော်ပြပါ သီးသန့်ပြဋ္ဌာန်းချက်များသည်လည်း အကျုံးဝင်သည်-

**၈.၁။ ကုန်ပစ္စည်း၏ အမည်**

ကုန်အမှတ်တံဆိပ်ပေါ်တွင် ရိုက်နှိပ်ဖော်ပြသော ကုန်ပစ္စည်း၏ အမည်သည် ရောင်းချ မည့် ပဲအမျိုးအစားအတိုင်း ဖြစ်ရမည်။

**၈.၂။ လက်လီမဟုတ်သော ပြင်ဆင်ထုပ်ပိုးသည့် ပစ္စည်းများအတွက် အမှတ်တံဆိပ်ကပ် ခြင်း**

Public Comment Use only

လက်လီမဟုတ်သော ပြင်ဆင်ထုပ်ပိုးသည့် ပစ္စည်းများအတွက် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များကို ရေးသားရာတွင် အထုပ်အပိုးပေါ်၌ဖြစ်စေ၊ အတူတွဲ၍ ပါသော စာရွက်စာတမ်းများ၌ ဖြစ်စေ ဖော်ပြနိုင်သည်။ သို့မဟုတ် ကုန်ပစ္စည်း၏ အမည်၊ ထုတ်လုပ်သည့် အပတ်စဉ် ဖော်ပြချက်၊ ကုန်ထုတ်လုပ်သူ သို့မဟုတ် ထုပ်ပိုးသူ၏ အမည်နှင့်လိပ်စာတို့ကို အထုပ်အပိုးပေါ်၌ ရေးရမည်။ သို့ရာတွင် ထုတ်လုပ်သည့် အပတ်စဉ် ဖော်ပြချက် ကုန်ထုတ်လုပ်သူ သို့မဟုတ် ထုပ်ပိုးသူ၏ အမည်နှင့်လိပ်စာ တို့၏ နေရာ၌ ထင်ရှားသည့် အမှတ်အသားတစ်ခုခုဖြင့် အစားထိုး ရေးသားနိုင်သည်။ ယင်းအမှတ်အသားကို ပူးတွဲပါ စာရွက်စာတမ်းများနှင့်အတူ ရှင်းလင်းပီသစွာ ဖော်ပြရ မည်။

**၉။ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နမူနာရယူခြင်းနည်းလမ်းများ**

ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နမူနာရယူခြင်းနည်းလမ်းများကို သက်ဆိုင်သည့် Codex စာသားများ တွင် ကြည့်ရမည်။

**ကျမ်းကိုးစာရင်း**

PHILIPPINE NATIONAL STANDARD PNS/BAFPS 105: 2012, ICS 67.080.01

CODEX STANDARD

Public Comment Use only